# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 21, 2020 Volume 28, Number 14


၂၁.၂.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၂၈/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၈/- ကျပ် |
| CBM Rate | = ၁၄၅၀.၅ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၈.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၆.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၁၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၉ .၈၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၅.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၉၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မိုးအကုန်စောခဲ့သော်လည်း ပဲအထွက်ကောင်းသဖြင့် တောင်သူများအဆင်ပြေ




၂၀၁၉ ခုနှစ်၊ မိုးရာသီတွင် ပုံမှန်မိုးရွာသွန်းရက်ထက် တစ်လခန့်စောကာ မိုးရပ်နားခဲ့သဖြင့် မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်းပဲစိုက်ခင်းများတွင် ပဲအထွက်နှုန်း ကျဆင်းမည်ကို တောင်သူများ စိုးရိမ်ခဲ့သော်လည်း ပဲထွက်ချိန်တွင် အထွက်နှုန်း ကောင်းသဖြင့် တောင်သူများ အဆင်ပြေနေကြောင်း ဒေသတွင်း ပဲစိုက် တောင်သူများ ထံမှသိရသည်။ “ဒီနှစ် မိုးပြတ်တာစောလို့ မြေကြီးတွေ ပုပ်ကြွားအက်ကွဲကုန်တာ။ ပဲကိုထိခိုက်မှာ စိုးရိမ်ခဲ့ရတယ်။ ဒါပေမယ့် ဘယ်လိုဖြစ်လဲမသိဘူး။ အထိအခိုက်နည်းပြီး ပဲအထွက်ကောင်းတယ်။ ပဲခူးတာစောတဲ့သူဆို နောက်တစ်သီးလောက် စိုက်လို့ ရသေးတယ်။ ခါတိုင်းက တစ်သီးပဲရတယ်။ တစ်ခါမှဒီလိုမဖြစ်ဖူးဘူး။ ပဲကစိုက်ရင် ပိုးကျတာနဲ့ တခြားပြဿနာတွေကြောင့် ကောင်းကောင်းမရဘူး။ ပဲဈေးလည်း ကောင်းတယ်ပြောတယ်။ ဒီနှစ်ပေါက်ဈေးမှာ ပဲကတော်တော်များများခူးနေကြပြီ။ ဒီနှစ်ပဲက တော်တော်များများကောင်းကြတယ်လို့သိရတယ်။ ကျွန်တော်တို့ထက် စောစောလုပ်တဲ့ သူတွေဆို ပဲပိုထွက်တယ်လို့သိရတယ်။ စိုက်ပျိုးကုန်ကျစရိတ်ကလည်း ခါတိုင်းနှစ်လိုပဲ သိပ်မကွာပါဘူး။ ပဲကောင်းတော့ ကျွန်တော်တို့အတွက် နည်းနည်း အဆင်ပြေတာပေါ့”ဟု ကတိုက်ကြီးကျေးရွာနေ တောင်သူ ဦးကြီးမြင့်ကပြောသည်။ မိုးတွင်းကာလ ပုံမှန်မိုးရွာသွန်းရက်ထက် ဆောလျင်စွာ မိုးရပ်နားသွားသည့်အတွက် စိုက်ပျိုးမြေများတွင် မြေအစိုဓာတ်နည်းပါးသွားကာ အပင်သီးအောင်မြင်သည်အထိ အစိုဓာတ်လုံလောက်စွာ မရရှိနိုင်တော့ဘဲ အပင်များခြောက်သွေ့ကာ အာဟာရ ဓာတ်လုံလောက်စွာမရသဖြင့် အသီးအထွက်နှုန်းကျဆင်းမည်ကို စိုးရိမ်ခဲ့ရသေးကြောင်း

၎င်းကဆက်ပြောသည်။

သထုံမြို့နယ်တွင် ပဲတစ်ဧက စိုက်ပျိုးပါက ပိုးကျခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် တစ်ဧကေါ်ပါးတင်းခန့်သာထွက်ရှိပြီး ပဲတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဝန်းကျင်သာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ပဲအထွက်နှုန်းကောင်းသဖြင့် တစ်ဧက အနည်းဆုံး ၁၀ တင်းခန့်ထွက်ရှိပြီး ပဲတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ခန့် ဈေးရရှိကြောင်း တောင်သူများထံမှသိရသည်။ သထုံမြို့နယ်မှာ နှစ်စဉ် အောက်တိုဘာလ ကုန်ပိုင်းတွင် ပဲများ စတင်စိုက်ပျိုးလုပ်ကိုင်ကြပြီး ဆောင်းသီးနှံအဖြစ် မြေပဲ၊ ပဲလွမ်း၊ ဗိုလ်ကိတ်ပဲ ၊ ပဲတီစိမ်း၊ မတ်ပဲမျိုးများ စိုက်ပျိုးကြကြောင်းသိရသည်။ "ဒီနှစ်က မိုးပြတ်တာစောလို့ ပဲကို ထိခိုက်မှာ စိုးရိမ်ခဲ့ရတယ်။ အခုတော့ ပဲအခြေအနေကြည့်ရတာ ကောင်းမယ့်သဘောရှိတယ်။ ဒီနှစ်တစ်ဧက ၁၀ တင်းဝန်းကျင်လောက်ထွက်မယ်လို့ မှန်းထားတယ်။ ပထမ ပိုးနည်းနည်းကျသေးတယ်။ ဆေးနဲ့ထိန်းလိုက်နိုင်လို့ ပိုးသိပ်မကျလိုက်ဘူး။ ပဲကောင်းတော့ အသက်ရှူနည်းနည်း ချောင်တာပေါ့"ဟု သထုံမြို့ ဒေသခံတောင်သူ ဦးစိုးသိန်းကပြောသည်။

သထုံဒေသထွက် ပဲမျိုးများကို ပဲခူး၊ ရန်ကုန်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး သထုံဒေသတွင် ပဲတီစိမ်းအပြင် ပဲလွမ်း၊ မတ်ပဲများ စိုက်ပျိုးကြကြောင်းသိရသည်။သထုံမြို့နယ်အတွင်း နှစ်စဉ် ပဲစိုက် ဧက ၁၃၀၀၀ ဝန်းကျင်ရှိပြီး ပဲတင်းပေါင်းနှစ်သိန်း တစ်သောင်းခန့်ထွက်ရှိနိုင်ရန် ခန့်မှန်းထားကြောင်း သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးကသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8824394

## အရောင်းအဝယ်အေးနေသော်လည်း ပြည်တွင်းရွှေ ကျပ် ၁၂ သိန်းကျော်အထိ ပြန်မြင့်တက်



အရောင်းအဝယ်အေးစက်နေသော်လည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁,၂၃၀,၀၀၀ အထိ ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ "ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ဒေါ်လာ ၁၆၀၀ လောက် အထိတက်သွားတော့ ဒီမှာလည်းနည်းနည်း လိုက်တက်ပေးရတယ်။ အရောင်းအဝယ်လည်းမကောင်းဘူး။ အေးသွားတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့်လည်းပါတယ်"ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။

ဖေဖော်ဝါရီ ၁၈ ရက်က ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁,၂၂၄,၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာ တစ်ရက်အကြာ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းအဖွင့်ဈေးတွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁,၂၃၀,၀၀၀ အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးမှာလည်း ဖေဖော်ဝါရီ ၁၈ ရက်က တစ်အောင်စလျှင် ၁၅၈၉ ဒေါ်လာဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ရာမှ ဖေဖော်ဝါရီ ၁၉ ရက်တွင် တစ်အောင်စလျှင် ၁၆၀၂ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။ ဇန်နဝါရီလအတွင်းကလည်း ပြည်တွင်း အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁,၂၃၇,၀၀၀ အထိမြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/

## ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် မြိတ်ကျွန်းစုထွက် ပင်လယ်စာ၊ ကဏန်းနှင့် ပုဇွန်ကုန်တင်ပို့မှုတွင် တရုတ်ဈေးကွက် ရပ်တန့်သွား၍ ထိုင်းနိုင်ငံကပေးသည့် ဈေးအတိုင်းသာရောင်းချနေရ

ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် မြိတ်ကျွန်းစုထွက် ပင်လယ်စာ၊ ကဏန်းနှင့် ပုဇွန်ကုန်တင်ပို့မှုတွင် တရုတ်ဈေးကွက် ရပ်တန့်သွားပြီဖြစ်ပြီး ထိုင်းနိုင်ငံမှပေးသည့် ဈေးအတိုင်းသာ ရောင်းချတင်ပို့နေရကြောင်းသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက် တရုတ်နှင့်ဆက်သွယ်လုပ်ကိုင်နေသော ရေထွက်ကုန်အများအပြားမှာ တင်ပို့မှုရပ်တန့်သွားသောကြောင့် တံငါသည်

များနှင့် လုပ်ငန်းရှင်များမှာ ထိခိုက်မှုများစွာဖြစ်ပေါ်နေကြောင်းသိရသည်။

ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေဆဲဖြစ်သည့် မြန်မာ့ရေထွက်ကုန်ဈေးကွက်မှာ ဝယ်သူပေးသည့်ဈေးကိုသာ မှီခိုနေရပြီး တရုတ်နိုင်ငံမှပိတ်လိုက်သည့်အတွက် ထိုင်းနိုင်ငံတစ်ခုတည်းကိုသာ မှီခိုနေရတော့သည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ “တနင်္သာရီတိုင်းမှာတော့ ယခုအနည်းငယ် အဆင်ပြေနေသေးတယ်။ ရန်ကုန်နဲ့ လပွတ္တာတို့ဘက်မှာ လုံးဝအဆင်မပြေဘူး။ ကဏန်းတစ်ပိဿာကို ၇ဝဝဝ နှင့်လာရောင်းတာကို ကျွန်တော်တို့ မဝယ်ရဲဘူး။ သူတို့ဆီက လာတာက ဝေးလွန်းတယ်။ အပေါ်ပိုင်းကလာတဲ့ ပစ္စည်းတွေကို ထိုင်းကလည်း သိပ်မကြိုက်ကြဘူး။ သူတို့ကြိုးတုပ် (ကဏန်းထုပ်ပိုးပုံ) နှင့် ကျွန်တော်တို့ကြိုးတုပ်မတူကြဘူး။ သူတို့ပစ္စည်းက ဈေးပေါပေမယ့် တင်ပို့လိုက်တဲ့အခါမှာ ကဏန်းတွေကသေသွားတယ်။ ကဏန်းလုပ်ငန်းက နေရာတိုင်းမှာ အခြေခံလူတန်းစားတွေလုပ်ကိုင်ကြတယ်။ ဒီလုပ်ငန်းကို ထိုင်းနိုင်ငံဘက်ကပိတ်လိုက်ရင်တော့ ကျွန်တော်တို့ဘာမှလုပ်စားလို့မရတော့ဘူး” ဟု ကဏန်းလုပ်ငန်းရှင် ဦးအေးလွင်က ပြောကြားသည်။

မြိတ်ကျွန်းစုအတွင်း ကဏန်းဈေးကွက်မှာ ယခင်က ၃ဝဝ ဂရမ်ဆိုက် တစ်ပိဿာလျှင် ကျပ်၂၈ဝဝဝ ရှိရာမှာ ၂၃ဝဝဝ ခန့်သာ ကျန်တော့သလို ဂရမ် ၂ဝဝ ဆိုက်ကဏန်း တစ်ပိဿာလျှင် ကျပ် ၁၄ဝဝဝ သာရှိတော့ပြီး ထိုင်းနိုင်ငံသို့ တင်ပို့ပါက ဝယ်ရင်းဈေးထက် ကျပ် ၃ဝဝ ခန့်သာ ပေးဝယ်နေသည့်အတွက် တင်ပို့ခ၊ လုပ်အားခ၊ အခွန်အခများ ပေါင်းလိုက်ပါက လုပ်ငန်းရှင်များအတွက် ခြေမကိုက်တော့ကြောင်း သိရသည်။ “အခုဆိုရင် ယိုးဒယားဈေးကွက်ကိုပဲ မှီခိုနေရတယ်။ ဈေးကလည်း သူတို့ပေးသလောက်ပေါ့။ တရုတ်ကိုတော့ တင်ပို့လို့မရတော့ဘူး။ ကျွန်တော်တို့ မျှော်လင့်ထားတာက တစ်နှစ်မှာ ဒီတစ်လ နှစ်လကအရေးကြီးဆုံးပဲ။ အခုက တရုတ်ကို လုံးဝတင်ပို့လို့မရတော့ဘူးဆိုတော့ အခက်အခဲဖြစ်နေကြတယ်။ တရုတ်က ဒီရာသီဆိုရင် အဝယ်ကောင်းတယ်။ အခုဗိုင်းရပ်စ်ကြောင့်လုံးဝနားလိုက်ပြီ။ ဈေးက မတရားကျဆင်းသွားတော့ လုပ်ငန်းကို ထိခိုက်သွားပြီ။ တရုတ်အတွက် ရန်ကုန်ကနေလာဝယ်နေတဲ့ ဒိုင်တွေကနားသွားပြီ။ ထိုင်းက အဝယ်ဒိုင်တွေကတော့ မနားသေး ပါဘူး” ဟု KL ကဏန်းအဝယ်ဒိုင်မှ ဦးခိုင်လင်းကပြောကြားသည်။

လေကြောင်းလိုင်း တစ်ခုတည်းကိုသာ မှီခိုတင်ပို့နေရသည့် ပင်၊ ပကန်းကဲ့သို့ လုပ်ငန်းများမှာ လုံးဝရပ်တန့်သွားပြီဖြစ်ပြီး မြိတ်မြို့ရှိ ပင်၊ ပကန်းအဝယ်ဒိုင်များမှာလည်း အဝယ်ရပ်ထားကြပြီး ဒိုင်တစ်ခု နှစ်ခုခန့်သာ စွန့်စားဝယ်ယူနေကြကြောင်း သိရသည်။ “တံငါသည်တွေရဲ့ စားဝတ်နေရေးကလည်း ရှိသေးတယ်။ သူတို့က ပင်လယ်ထဲက နေရှာဖွေပြီးမြို့မှာ လာရောင်းရင် ကျွန်တော်တို့က မဝယ်တော့ဘူးလို့လည်း မပြောထွက်ဘူး။ သူတို့အခက်အခဲကို စာနာပြီးဝယ်ပေးနေရတယ်။ ဒါပေမဲ့ တင်ပို့လို့မရတော့ ကျွန်တော်တို့မှာလည်း ကြာလာရင် ဒီထက်တောင့်ခံထားလို့ မနိုင်တော့ဘူး။ လေကြောင်းလိုင်းမရှိတော့ ဘယ်လိုမှ တင်ပို့လို့ မရတော့ဘူး။ ကျွန်တော်တော့ တတ်နိုင်သလောက်ထိန်းပြီးဝယ်ပေးနေပါတယ်” ဟု မြိတ်မြို့မှ ပင်၊ ကဏန်း ဝယ်ယူနေသူ လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။ ပကန်းဈေးမှာ ယခင်ကတစ်ကီလိုလျှင် ကျပ် ၇ဝဝဝဝ ရှိရာမှာ ယခုကျပ် ၁၅ဝဝဝ သာရှိပြီး ပကဲဈေးမှာလည်း ယခင်တစ်ကီလိုလျှင် ကျပ် ၆ဝဝဝဝ ရှိရာမှ ယခုအခါ ကျပ် ၂ဝဝဝဝ သာကျန်တော့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/160428

## မန်းပဲမျိုးစုံဈေးကွက်၌ မြေပဲဆန်များ ဈေးမြင့်၊ ကုလားပဲအုပ်စုဝင်များလည်း ဈေးတက်ရိပ်ပြ

မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံက ပြန်လည်ဝယ်ယူမှုရှိလာသော မြေပဲဆန်များ ဈေးနှုန်းမြင့်တက်လာပြီး ပစ္စည်းလက်ကျန်နည်းပါးမှုကြောင့် ကုလားပဲအုပ်စုဝင်များ ဈေးနှုန်းတက်ရိပ်ပြလျက်ရှိကြောင်း ပဲပွဲစား၊ ကုန်သည်များနှင့်ဆီစက်ပိုင်များထံမှသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် မန္တလေးပဲမျိုးစုံဈေးကွက်တွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကုန်စည်ဈေးနှုန်းများကျဆင်း၍ အရောင်းအဝယ်များရပ်တန့်ခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံမှ ပြန်လည်ဝယ်ယူမှုကြောင့် ဖေဖော်ဝါရီလလယ်ပိုင်းမှစတင်ကာ အရောင်းအဝယ်ကောင်းမွန်လာခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရသည့် ပဲအမျိုးအစားများမှာမူ ဈေးနှုန်းများတည်ငြိမ်နေဆဲဖြစ်ကြောင်း ပဲကုန်သည်များကပြောသည်။

"လောလောဆယ် တရုတ်နိုင်ငံကတော့ နှမ်းအစား မြေပဲဆန်တွေ ပိုမိုဝယ်ယူလာတာ ဖြစ်ပြီး နှမ်းဈေးနှုန်းတွေကတော့

ကျဆင်းနေ သလို သူတို့အဝယ်လိုက်လာတော့မှ နှမ်းစိုက် တောင်သူတွေ အရင်လိုဈေးကောင်းပြန်ရမှာပါ။ ဆောင်းသီးနှံအနေနဲ့ ရိတ်သိမ်းပြီးဖြစ်တဲ့ ကုလားပဲအုပ်စုဝင်တွေဖြစ်တဲ့ ဗိုတူး၊ ဗိုဆဲဗင်း၊ နိုင်းတူးနိုင်းက ဈေးကွက်ထဲကို အလုံးအရင်းနဲ့ ဝင်ရောက်လာပေမယ့် ပစ္စည်းလက်ကျန်နည်းပါးနေမှုကြောင့် ဈေးနှုန်းမကျဆင်းတဲ့ အပြင် တက်ရိပ်တောင်ပြနေတာပါ။ မတ်ပဲနဲ့ ပဲစင်းငုံတွေကတော့ လက်ရှိမှာ အိန္ဒိယဈေးကွက်ကို တင်ပို့မှုမရှိသေးတဲ့အချိန်မှာ လှောင်လက်သမားတွေက အဓိကဝယ်ယူနေတာဖြစ်ပြီး ဈေးနှုန်းတွေမြင့်တက်လာဖို့တော့ မရှိနိုင်သေးပါဘူး။ ကိုရိုနာဗိုင်းရပ်စ်ကို လုံးဝထိန်းချုပ်နိုင်တဲ့ ကာလတစ်ခုကို ရောက်ရှိလို့ ပြည်ပ တင်ပို့မှုတွေ ပုံမှန်အတိုင်း ပြန်ဖြစ်လာမယ်ဆိုရင်တော့ ပဲမျိုးစုံဈေးကွက်က ဒီထက်ပိုမိုလှုပ်ရှားလာမယ်လို့ ခန့်မှန်းသုံးသပ်ရပါတယ်"ဟု မန္တလေးမြို့ ပဲကုန်စည်ဒိုင်မှ ကုန်သည် ဦးကျော်ကျော်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြော ကြားသည်။

ဝယ်ယူမှုများသောကြောင့် ကုလားပဲအုပ်စုဝင်များထဲတွင် ဗိုဆဲဗင်းနှင့် ဗိုနိုင်းတို့မှာပစ္စည်း ပြတ်လပ်သွားပြီး ပြည်တွင်းစားသုံးမှုများသည့် ပဲကြီး၊ ပဲထောပတ်၊ မြေထောက်ပဲတို့မှာ အရောင်း အဝယ်အသွက်ဆုံးဖြစ်နေကာ ယခုရက်ပိုင်း မန္တလေးပဲဈေးကွက်၌ ဖြစ်ပေါ်လျက်ရှိသော ကုန်စည်ဈေးနှုန်းများမှာ ကုလားပဲ(ထိုင်ဝမ်) တစ်အိတ် ကျပ် ၈၀,၀၀၀၊ ဗိုတူးတစ်အိတ် ကျပ် ၇၆,၅၀၀၊ မတ်ပဲတစ်အိတ်ကျပ် ၉၄,၀၀၀၊ ပဲစင်းငုံ(ဖြူ)တစ်အိတ် ကျပ် ၆၂,၀၀၀၊ ပဲစင်းငုံ(နီ) တစ်အိတ် ကျပ် ၆၅,၀၀၀၊ ပဲတီစိမ်း(ရွှေဝါ) တစ်အိတ် ကျပ် ၁၂၀,၀၀၀၊ ပဲကြီး(သစ်) တစ်အိတ် ကျပ် ၇၈,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၈၈,၀၀၀၊ နှမ်းဖြူတစ်အိတ် ကျပ် ၁၂၅,၀၀၀၊ နှမ်းနက်(စမုန်)တစ်အိတ် ကျပ် ၂၀၀,၀၀၀၊ မြေပဲ ဆန်(နီ)တစ်ပိဿာ ကျပ်၂,၉၀၀ ဝန်းကျင်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/135619.html

## စစ်ကိုင်းတိုင်းတွင် စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်



စစ်ကိုင်းတိုင်းအတွင်း လာရောက် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းများအနက် စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအများဆုံး ဖြစ်ကြောင်း စစ်ကိုင်းတိုင်း ရင်းနှီးမြှုပ်နှံမှုကော်မတီများ ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းဇော်ဦးထံမှ သိရသည်။ "စစ်ကိုင်းတိုင်းအတွင်း ရင်းနှီးမြှုပ်နှံကြတဲ့ လုပ်ငန်းအများစုက မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်း၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးသုံးပလတ်စတစ်နဲ့ ရေပိုက်လုပ်ငန်းစတဲ့ စက်မှုကဏ္ဍက အများဆုံးဖြစ်ပါတယ်။ လတ်တလော ဆွေးနွေးနေတဲ့ ကွန်ကရစ်လုပ်ငန်း၊ ပုဂ္ဂလိကသစ်တောလုပ်ငန်း၊ လျှော်ဖြူ စိုက်ပျိုးရေးလုပ်ငန်း စတဲ့လုပ်ငန်းတွေရှိနေပါတယ်"ဟု ဦးသန်းဇော်ဦးကပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းက စစ်ကိုင်းတိုင်းတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၆ ခု ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် မြန်မာငွေကျပ် ၄၆ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၂၈ သန်း ရှိခဲ့ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းအတွင်း ဝင်ရောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၆ ခုထဲမှ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုရှိကြောင်းသိရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၄၈ ဘီလီယံကျော် ဝင်ရောက်ထားကြောင်း ဦးသန်းဇော်ဦးက ရှင်းပြသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့်စက်မှုဇုန်များရှိသည့် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို စသည့်ဒေသများတွင် အများဆုံးဝင်ရောက်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိအစိုးရလက်ထက် လေးနှစ်တာကာလတွင် စစ်ကိုင်းတိုင်းအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၄၃ ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုရှိပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ကျပ် ၉၆ ဘီလီယံ ကျော်နှင့် ပြည်ပလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ဝန်းကျင်ရှိကြောင်းသိရသည်။

Source: https://myanmar.mmtimes.com/news/135637.html

## ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ မတ်လကစ၍ ရှယ်ယာဝယ်ယူနိုင်




ရန်ကုန်စတော့အိတ်ချိန်းတွင် မတ်လကစ၍ နိုင်ငံခြားသားများ ရှယ်ယာ ၃၅ ရာခိုင်နှုန်းဝယ်ယူနိုင်ပြီဖြစ်ကြောင်း ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်ကပြောသည်။ နိုင်ငံခြားသားများ ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာ ဝယ်ယူခွင့်ကို ကော်မရှင်က၂၀၁၉ နှစ်လယ်ပိုင်းတွင် ခွင့်ပြုပြီးနောက် အမှန်တကယ်စတင်ရောင်းချရန် ဆောင်ရွက်ခြင်းဖြစ်သည်။ "ဘယ် စာရင်းနဲ့ ဘယ်လိုဝယ်လို့ရမယ်ဆိုတာ မကြာခင်ညွှန်ကြားချက် ထုတ် ပြန်ပေးမယ်၊ စာရင်းဝင်ကုမ္ပဏီ အားလုံးမဟုတ်တောင် တချို့တွေမှာ နိုင်ငံခြားသားတွေ စိတ်ဝင်စားမှုမြင့်နေပါတယ်"ဟု ၎င်းကဆိုသည်။

ရန်ကုန်စတော့ အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများတွင် နိုင်ငံခြားသားများ အစုရှယ်ယာ ဝယ်ယူခွင့်ကိုခွင့်ပြုကြောင်း ငွေချေး သက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်က၂၀၁၉ ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားသား များကို ရှယ်ယာရောင်းချရာတွင် စာရင်းဝင်ကုမ္ပဏီများသည် အချက်နှစ်ချက်လိုက်နာရမည်ဖြစ်ပြီး နိုင်ငံခြားရှယ်ယာ ပိုင်ဆိုင်မှု ဆိုင်ရာခွင့်ပြုမည့်ပမာဏကို ရန်ကုန်စတော့အိတ်ချိန်းသို့ ကြိုတင်တင်ပြရခြင်းနှင့် ကြီးကြပ်သည့်အဖွဲ့အစည်း၏ ခွင့်ပြုချက် ရယူခြင်းတို့ဖြစ်သည်။

ထို့အပြင် ရန်ကုန်စတော့အိတ်ချိန်းသည် အချက်ငါးချက်ဆောင်ရွက်ရမည်ဟု ကော်မရှင်ကထုတ်ပြန်ထားသည်။ ၎င်းတို့ မှာ ကုမ္ပဏီများက နိုင်ငံခြားသားများကို ရှယ်ယာစတင်ရောင်းချသည့်နေ့ရက် ကြေညာရန်၊ နိုင်ငံခြားသားပါဝင်ရင်းနှီး မြှုပ်နှံမှု အတွက် စည်းမျဉ်းများကို ကော်မရှင်ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ရန်၊ အရောင်းအဝယ်ပြုလုပ်ရာတွင် အစုရှယ်ယာတစ်မျိုး တစ်စားတည်းထားရှိရန်၊ ကုမ္ပဏီများက ကော်မရှင်သို့တင်ပြထားသည့် ရှယ်ယာပမာဏအတိုင်း အရောင်းအဝယ် ဆောင်ရွက် ရန်နှင့် အစုရှယ်ယာမှတ်တမ်းတင်ရာတွင် နိုင်ငံခြားကုမ္ပဏီ၏ တိုက်ရိုက်အစုရှယ်ယာပိုင်ဆိုင်မှုဖြစ်ပါက နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်ရန်ဖြစ်ကြောင်းဆိုသည်။

ကုမ္ပဏီ ဥပဒေအသစ်အရ ပြည်တွင်းကုမ္ပဏီများတွင် နိုင်ငံခြားသား အစုရှယ်ယာပိုင်ဆိုင်မှု ကို ၃၅ ရာခိုင်နှုန်းခွင့်ပြုထားပြီး နောက် ရန်ကုန်စတော့အိတ်ချိန်းတွင်လည်း နိုင်ငံခြားရှယ်ယာဝယ်ယူခွင့်ကို ၃၅ ရာခိုင်နှုန်းအောက်ခွင့်ပြုခြင်းဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီငါးခုရှိပြီး အစုရှယ်ယာများရောင်းချနေခြင်းဖြစ်သည်။

Source: https://7day.news/detail?id=179336

## စိန်တစ်လုံးသရက်သီးများကို ဝယ်ယူသွားမည်



အရည်အသွေးကောင်းမွန်တဲ့ စိန်တစ်လုံးသရက်သီးများ ကို ဝယ်ယူသွားမှာဖြစ်ကြောင်း N T Star ကုမ္ပဏီမှ သိရပါတယ်။ အထက်ပိုင်းဒေသနဲ့ အောက်ပိုင်းဒေသများမှ ထွက်ရှိမယ့် စိန်တစ်လုံးသရက်သီးများကို ပေါက်ဈေးနှုန်းအတိုင်း ကုမ္ပဏီ များမှာ ဝယ်ယူသွားမှာဖြစ်တယ်လို့ N T Star ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်ဥမ္မာကျော်ကပြောပါတယ်။

ပြည်ပနိုင်ငံတွေရဲ့ဈေးကွက်တွေ ကိုထိုးဖောက်ချင်တဲ့အတွက် စိန်တစ်လုံးကို အဓိကဝယ်ယူသွားမှာပါ။ စိန်တစ်လုံးထွက်ရှိတဲ့ ဒေသတွေကို ဆင်းပြီးဝယ်ယူသွားမှာပါ။ ဝယ်ယူလို့ရှိရင်လည်း မူဆယ် ကပေးတဲ့ ပေါက်ဈေးနှုန်းအတိုင်း ဝယ်ယူပေးသွားမှာပါ

စိန်တစ်လုံးသရက်သီးများထွက်ရှိတဲ့ဒေသများမှာ N T Star ကုမ္ပဏီ၊ သဇင်နွယ်ကုမ္ပဏီ နဲ့ သရက် စိုက်ပျိုးထုတ်လုပ်သူတို့မှ ပူးပေါင်းကာ ဝယ်ယူသွားမှာဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှသိရပါတယ်။ မြန်မာ့စိန်တစ်လုံးအပြင် အခြားသရက်သီးများကိုပါ ဝယ်ယူသွားမှာဖြစ်ကြောင်း သိရပါတယ်။ မြန်မာ့စိန်တစ်လုံးသရက်သီးများကို စင်ကာပူ ၊ ဟောင်ကောင်နဲ့ထိုင်ဝမ်နိုင်ငံများကို တင်ပို့နိုင်ရန် စီစဉ်သွားမှာဖြစ်ကြောင်းလည်းသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/buy_mango

## မတ်ပဲဈေးနှုန်းပြန်တက်လာ

အခုရက်ပိုင်းအတွင်း မတ်ပဲဈေးနှုန်းများမှာ အနည်းငယ်ပြန်တက်လာတာဖြစ်တယ်လို့ မြန်မာနိုင်ငံပဲမျိုး စုံနှင့် နှမ်းကုန်သည်များ အသင်းမှ သိရပါတယ်။ မတ်ပဲဈေးနှုန်းများမှာ အနိမ့်ဆုံး ၉သိန်းကျော်ထိရှိခဲ့ရာမှ အခုရက်ပိုင်းအတွင်း ၁၀သိန်းကျော်ထိ ပြန် တက်လာ တာဖြစ်တယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောပါ တယ်။ မတ်ပဲဈေးနှုန်းက အခု အနည်းငယ် ပြန်တက်လာတယ်လို့ ပြောလို့ရပါတယ်။ အရင်က မတ်ပဲဈေးက ၉ သိန်းကျော်ထိ ကျဆင်း သွားပြီးတော့မှ အခုမှ ၁၀ သိန်း ကျော် ပြန်တက်လာတာဖြစ်ပါတယ်။



မတ်ပဲတစ်တန်ကို အရင်က ၉၆၀,၀၀၀ ကျပ်ရှိရာမှာ အခု လက်ရှိမှာ တစ်တန်ကို ၁၀၁,၅၀၀၀ ကျပ်ထိ ဈေးနှုန်း တက်လာကြောင်း အဆိုပါ အသင်းမှ သိရပါတယ်။ မြန်မာ့ မတ်ပဲကို အိန္ဒိယနိုင်ငံကို အဓိကထား တင်ပို့နေပြီး အခြားနိုင်ငံများကိုလည်း တင်ပို့နေတာဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/black_gram_prices_are_rrising_again

## အသားစားနွားမျိုးချောင်းတွေ တင်သွင်းနိုင်ဖို့ ဘယ်လ်ဂျီယံ လာရောက်ကမ်းလှမ်း

အသားစား နွားမျိုးချောင်းတွေ တင်သွင်းဖို့ ဘယ်လ်ဂျီယံနိုင်ငံက လာရောက်ကမ်းလှမ်းထားကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲနွား၊ သိုး၊ ဆိတ် ရောင်းချသူများအသင်းကသိရပါတယ်။ မန္တလေးကို ဖေဖော်ဝါရီ ပထမပတ်အတွင်းက ဘယ်လ် ဂျီယံနိုင်ငံက စီးပွားရေးအဖွဲ့တစ်ဖွဲ့ လာရောက်ခဲ့ပါတယ်။ အဖွဲ့နဲ့အတူ မွေးမြူရေးနဲ့ပတ်သက်တဲ့ ကုမ္ပဏီနှစ်ခုပါဝင်လာတယ်။ အဲသည်ကုမ္ပဏီနှစ်ခုက အသားစား နွားမျိုးချောင်းတွေတင်ပို့ဖို့ကမ်းလှမ်းလာကြောင်း သိရပါတယ်။

မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား၊သိုး၊ ဆိတ် ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးခင်မောင်စိုး က “ ကျွန်တော်တို့ဆီမှာကတော့ ရှတ်တရက်သွင်းဖို့ကျတော့ မျိုး ချောင်းသွင်းပေးတဲ့သူကလဲ ဒီမှာယူတဲ့သူရှိမရှိမသေချာတော့ သူတို့ကလဲ စမ်းတဝါး ဝါးဖြစ်နေတယ်လေ၊ အဓိကကတော့ မျိုးချောင်းက ဒီအတိုင်းသိမ်းထားလို့မရဘူး၊ နိုက်ထရိုဂျင်အရည်ထဲမှာ သိမ်းရတာပေါ့၊ ဒီနိုက်ထရိုဂျင် ရရှိနိုင်တဲ့အုပ်စုပဲ ထိန်းသိမ်းနိုင်တာဆိုတော့၊ အပြင်ကကျတော့ လစဉ် ဒီနိုက်ထရိုဂျင်ရဲ့စရိတ်နဲ့ကျတော့ မျိုးချောင်းပေါ်မှာ တန်ဖိုးတက်လာတဲ့အခါ မထားနိုင်ကြဘူး ”လို့ပြောပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံကနေ တင်ပို့ဖို့ ကမ်းလှမ်းထားတဲ့ အသားစား နွားမျိုးချောင်းတစ်ခုရဲ့အနည်း ဆုံး တန်ကြေးက ကျပ် ၁၀,၀၀၀ ခန့်ရှိပါတယ်။ သယ် ယူပို့ဆောင်ခစရိတ်၊ ထိန်းသိမ်း စရိတ်တွေ ကြောင့် မြင့်တက် ရတာ ဖြစ်တယ် လို့ သိရပါတယ်။ လက်ရှိအချိန်မှာတော့ ပြည် တွင်းက အသားစားနွားတွေကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန က ဝယ်ယူရရှိတဲ့ ဘရာမင် အမျိုး အစားကိုသာ အသုံးပြုနေ တယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-37239?fbclid=IwAR2WiJutxNOMJe71dTOM mxx Wmnte EIV tV ruHgZpJHRv6CskRCl3UTSFjj74

## အရောင်းအဝယ်အေးနေသော်လည်း ပြည်တွင်းရွှေ ကျပ် ၁၂ သိန်းကျော်အထိပြန်မြင့်တက်

အရောင်းအဝယ်အေးစက်နေသော်လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁,၂၃၀,၀၀၀ အထိ ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ "ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ဒေါ်လာ ၁၆၀၀ လောက်အထိတက်သွားတော့ ဒီမှာလည်းနည်းနည်း လိုက်တက်ပေးရတယ်။ အရောင်းအဝယ်လည်းမကောင်းဘူး။ အေးသွားတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့်လည်းပါတယ်"ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။ ဖေဖော်ဝါရီ ၁၈ ရက်က ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁,၂၂၄,၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာ တစ်ရက်အကြာ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းအဖွင့်ဈေးတွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁,၂၃၀,၀၀၀ အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးမှာလည်း ဖေဖော်ဝါရီ ၁၈ ရက်က တစ်အောင်စလျှင် ၁၅၈၉ ဒေါ်လာဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ရာမှ ဖေဖော်ဝါရီ ၁၉ ရက်တွင် တစ်အောင်စလျှင် ၁၆၀၂ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။ ဇန်နဝါရီလအတွင်းကလည်း ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁,၂၃၇,၀၀၀ အထိမြင့်တက်ခဲ့ပြီးမှ ပြန်လည် ကျဆင်းခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/135618.html

## Thura News Views

**Myanmar may land on FATF watch list**

Myanmar may end the week on an international finance watch list. Two sources close to the Financial Action Task Force (FATF), a France-based financial monitoring agency, told Reuters that it may place Myanmar on its international "grey list" due to money laundering operations and generally weak regulations of its financial system. FATF has found "strategic deficiencies" in the country's efforts to halt money laundering (especially by drug traffickers) and terrorism financing, according to Reuters. FATF will likely announce its decision this Friday, February 21st.

In Myanmar's defense, U Kyaw Win Thein, the head of Myanmar's Financial Intelligence Unit, told Reuters that the country has plans to improve its finance regulations and anti money laundering capacity. However, the inside sources said these plans would likely not be enough to keep Myanmar from the FATF grey list. Inclusion on the list would not outright forbid anyone from doing business with Myanmar, but it would be yet another in a growing list of red flags for international investors.

Myanmar is part of the "golden triangle" of Southeast Asian drug production and trafficking, with mainly opium, heroin and methamphetamines being manufactured in lawless frontier areas in the north and east. The drug trade often funds armed organizations, who conduct untold volumes of illegitimate border trade with Myanmar's neighbors. At home, Myanmar suffers from notoriously poor corporate governance and economic oversight. In the Inter-national Finance Corporation's 2018 Myanmar Corporate Governance Scorecard, Myanmar firms scored on average 30 percent, well under the overall ASEAN average of 69 percent.

**Govt. weighs total Chinese tourism ban**

The Ministry of Hotels and Tourism (MOHT) is considering a blanket ban on all visitors from China to prevent the spread of COVID-19, the novel corona virus that has infected more than 73,000 people worldwide.

If enacted, the ban would cap a series of travel restrictions on Chinese travelers. The MOHT has already suspended a visa-on-arrival program for Chinese tourists and flights from the city of Wuhan, and all Chinese visa applicants must produce an official document verifying that they have not recently visited Hubei province, where the city of Wuhan, the outbreak's origin, is located.

Critics, including U Win Zaw Win, chair of the Mandalay Tour Guide Society, have argued that a blanket ban will only serve to worsen the economic damage the outbreak has already caused. More Chinese tourists visit Myanmar than from any other country, and more than 400,000 Chinese travelers helped Mandalay achieve record high tourist numbers last year. Likewise, the on-arrival visa program, which was introduced to several nations in 2018, helped boost tourist numbers from 1.72 million in 2018 to 2.14 million in 2019. Furthermore, border crossing restrictions and blocked trade routes within China itself have hampered land trade as exporters to Myanmar's largest trade partner have not been able to deliver their goods.

On the other hand, proponents of the ban argue that strict containment measures would help Myanmar remain one of the only ASEAN nations with no confirmed corona virus cases, which is though disputed by skeptics.

**Kirin reconsiders partnership**

Japanese beverage giant Kirin has announced that it will review and reconsider its business partnership with the military (Tatmadaw). The announcement follows mounting international pressure to sever ties with Myanmar Brewery, the country's largest beer company, 45 percent of which is owned by Tatmadaw-backed Myanmar Economic Holdings Limited (MEHL).

**Kirin reconsiders partnership**

Japanese beverage giant Kirin has announced that it will review and reconsider its business partnership with the military (Tatmadaw). The announcement follows mounting international pressure to sever ties with Myanmar Brew-ery, the country's largest beer company, 45 percent of which is owned by Tatmadaw-backed Myanmar Economic Holdings Limited (MEHL).

"The Kirin Group takes its responsibilities in Myanmar seriously and will take necessary action to ensure our business activities in the region adhere to the highest standards," the company said in a statement. Kirin added that representatives have met with executives of MEHL to "discuss the issues identified in the August 2019 report by the United Nations Independent Fact-Finding Mission in Myanmar."

That report accused Kirin of directly funding human rights abuses against Rohingya Muslims through donations it made to the Tatmadaw. However, Kirin insists that most of the donation money went towards developing civilian communities.

Kirin has felt growing international pressure to comply with the report's call for a boycott of all Tatmadaw-backed business. It is possible that the International Court of Justice ruling that the Tatmadaw had acted in violation of the 1948 Genocide Convention pushed Kirin to officially review its Myanmar investments.

If Kirin does pull out of Myanmar Brewery, it would be the largest company to do so following the ICJ case, which was initially filed by the Gambia in December. In another notable example, Western Union cut ties with the Tatmadaw-owned Myawaddy Bank. However, the true economic impact of the ICJ ruling remains to be seen, especially as Myanmar has spent the last two years focusing on partnerships with its Asian neighbors, especially China, which is less concerned with the humanitarian situation on Myanmar's western border.

**Hong Kong and Chinese partnership to invest USD 800 million in power projects**

A partnership between a private Hong Kong company and a Chinese state-owned enterprise will invest USD 800 million in three new power plants. Hong Kong-listed V Power Group announced that it will establish a joint venture agreement with Chinese state-owned enterprise China National Technical Import and Export

Corporation (CNTIC). The three new power plants will generate 900 megawatts of electricity.

V Power gave relatively few additional details, however an Irrawaddy News report estimated that the three plants will require around USD 800 million in investment, based on a review of Myanmar Investment Com-mission records. The records suggest that the plants will be located in the Thilawa Special Economic Zone (near Yangon) Thaketa Township (also in Yangon Region) and Kyaukphyu in Rakhine State.

As Myanmar struggles to fill its electricity supply gaps, V Power has become a major player in Myanmar's power market. Last summer, the company was awarded four emergency tenders to supply liquid natural gas and build new gas fired power plants. V Power accepted the tenders despite industry experts criticizing them for being as too demanding and with too harsh penalties for falling short of the agreements. However, Myanmar has struggled to generate as much power as it needs headed into this year's hot season, when demand for electricity will be highest. Although last year the government raised power tariffs (doubling or tripling the electricity bills of many households), the city of Yangon still experienced rolling blackouts as demand for power outstripped supply.

Myanmar aims to achieve total electrification for its population by 2030. Currently, roughly 60 percent of the population is connected to the national grid. Connecting the remaining 40 percent will require USD 3 billion according to some estimates.

**Source: Thura Swiss News ( Issue 404 February 20, 2020)**

## STOCK EXCHANGE (21.2.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 4,452 | 53,424,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,950 | 4,252 | 16,795,400 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 70 | 574,000 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 67 | 1,541,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 24 | 69,600 | 12,823,224 | 37,187 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 480.86 | -1.43 | -0.30% | 480.86 | 480.86 | 480.86 | 8,865 | 72,404,000 | 5 | 658,455 |

**Index chart**



## Market Overview

As of 12:00 pm, 21st Feb. 2020

| MYANPIX | 480.86 ▼ 1.43 |
|---|---|
| Total Volume (shares) | 6,674 |
| Total Value (MMK) | 49 mil |
| Listed Company | 5 |
| Market Cap. (MMK) | 658,455 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR